# နအဖ ဌာနချုပ် ပျဉ်းမနားပြောင်းခြင်းနှင့် ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်

(အမှတ် ၁၄/၂၀၀၅)

(၁၂ – ၁၁ – ၂၀၀၅)

(၁) နအဖ ဌာနချုပ် ပျဉ်းမနားပြောင်းရုံဖြင့် ရန်ကုန်၊ မန္တလေးတို့သည် ဗမာပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၏ ပထမ/ဒုတိယ မြို့တော်အဆင့်နေရာမှ လျှောကျသွားမည် မဟုတ်။ နအဖ သာ ပိုပြီးတကောင်ကြွက် အထီးကျန် ဖြစ်လိမ့်မည်။ ကိုယ့်ကိုယ်ကို ချောင်ပိတ်မိအောင်လုပ်သလို ဖြစ်လိမ့်မည်။

ရန်ကုန်နှင့် မန္တလေးတို့ မြို့တော်အဆင့်နေရာရခြင်းမှာ သမိုင်းအရ လိုအပ်၍ ဖြစ်သည်။ မင်းတုန်းမင်းက အမရပူရမှ မန္တလေးသို့ ပြောင်းခြင်းသည် ခဲတပစ်သာသာ နေရာသို့ပြောင်းခြင်း ဖြစ်သည်။ မှူးကြီးမတ်ကြီးများသာမက လူထု တစိတ်တပိုင်းပါ လိုက်ပါပြောင်းရွှေ့နိုင်သည်။ ထိုအခါက အခြေခံအဆောက်အဦများလည်း ယခုလောက် မရှိ။ ယခုမူ နိုင်ငံတကာလေယာဉ်ဆိပ်ကြီး ရှိသည်။ သံရုံးတွေရှိသည်။ ကုန်တင်ကုန်ချသင်္ဘောဆိပ်ကြီး ရှိသည်။ နိုင်ငံတကာ ကုမ္ပဏီကြီးများ၏ အဆောက်အဦကြီးတွေ ရှိသည်။ အခြားနိုင်ငံမှ ခေါင်းဆောင်တဦးသည် ဗိုလ်သန်းရွှေကိုတွေ့ဖို့အတွက် ပျဉ်းမနားသို့ ရန်ကုန်မှနေ၍ လေယာဉ်ပျံတတန်၊ မော်တော်ကားတတန်ဖြင့် လာနိုင်မည်မဟုတ်ပေ။ ဗိုလ်သန်းရွှေက သံအမတ်သစ်ခန့်အပ်တာကို လက်ခံဖို့လိုလျှင် ဘယ်သူက ဘယ်ကိုသွားရမည်နည်း။ သံတမန်လုပ်ထုံးများပင် ပြောင်းရမလို ဖြစ်တော့မည်။

ပဒေသရာဇ်ခေတ်က စဉ်းစားနည်းမျိုး သန်းရွှေစစ်အုပ်စုက စဉ်းစားပြီး ပျဉ်းမနားသို့ ပြောင်းခြင်းသည် အမြော်အမြင် မဲ့ရုံမက မိုက်မဲမှုဖြစ်သည်။

စစ်အုပ်စုအဆက်ဆက် စစ်အုပ်စုဝင်ဟောင်းများသည် ရန်ကုန်တွင် ‘စံအိမ်တော်များ’ ဖြင့် အခြေကျနေကြပြီ ဖြစ်သည်။ သူတို့က ပျဉ်းမနားသို့ လိုက်ပါပြောင်းရွှေ့နိုင်မှာ မဟုတ်။ အမရပူရက ဝန်ကြီးတွေ မန္တလေးပြောင်းသလို မပြောင်းနိုင်ကြ။

သန်းရွှေစစ်အုပ်စုတွင်လည်း ကြီးကျယ်ခမ်းနားသော ‘စံအိမ်တော်’ များ ရန်ကုန်တွင် ရှိနေသည်။ သူတို့လည်း မည်သို့မျှ ထိုစည်းစိမ်ဥစ္စာကို စွန့်ပစ်ခဲ့မည် မဟုတ်။

(၂) ရန်ကုန်၊ မန္တလေးသည် ပထမနှင့် ဒုတိယမြို့တော် ဖြစ်မြဲဖြစ်နေလိမ့်မည်။ မိမိတို့ တွက်မိသည်မှာ သန်းရွှေစစ်အုပ်စုသည် –

(က) သူတို့ မီးမသေသည့် စစ်ဗိုလ်ကြီးများကို အဝေးသို့နှင်ချင်၍ ပြောင်းတာဖြစ်နိုင်သည်။ ရန်ကုန်တွင် တပ်ကို ကိုင်ထားသည့် စစ်ဗိုလ်ကြီးတွေ စုစည်းနေမှာကို မလိုလား။ ရန်ကုန်တွင် သန်းရွှေစစ်အုပ်စု မီးသေသည့် ‘တိုင်းမှူး’ တယောက်ကိုပဲ အာဏာကုန်အပ်ခဲ့ချင်၍ တခြားစစ်ဗိုလ်ကြီးများကို နယ်နှင်တာ ဖြစ်နိုင်သည်။ ရန်ကုန်တွင် စစ်ဗိုလ်ကြီးတွေ တစုတဝေးရှိနေလျှင် ‘ကြိတ်ဝိုင်း’ များကို သန်းရွှေတို့ တားမရနိုင်။ နဝတ ဖွဲ့စဉ်က ပါခဲ့သည့် ဗိုလ်ကျော်ဘ၊ ဗိုလ်ထွန်းကြည်၊ ဗိုလ်မျိုးညွန့်တို့လို စစ်ဗိုလ်ကြီးတွေအားလုံးလောက် ရန်ကုန်တွင် ရှိသည်။ (ဗိုလ်နေဝင်း သေပေမယ့် တချို့ မသေသေး။)

စစ်ဌာနချုပ် ရန်ကုန်တွင်ရှိနေလျှင် သူတို့တတွေက တပ်မတော်ထဲ ဝင်မွှေမှာ စိုးသည်။ ဒါကြောင့် ဌာနချုပ်ကို ခပ်ဝေးဝေးပြောင်းတာ ဖြစ်မည်။

(ခ) NLD စစ်ဗိုလ်ဟောင်းကြီးများကလည်း ရန်ကုန်မှာ ရှိနေသည်။ NLD ဌာနချုပ် ပျဉ်းမနားလိုက်ပြီးပြောင်းလို့ မရနိုင်။ ရန်ကုန်နိုင်ငံရေးကို မီးသေအောင်ကိုင်ဖို့ ရန်ကုန်စစ်တိုင်းမှူးကို ဝ’ကွက်ပြီး အပ်နိုင်သည်။ (မြို့နယ် NLD တွေကို မြို့နယ်ကောင်စီတွေ အနိုင်ကျင့်သလိုကျင့်ဖို့)

အခြားသော နိုင်ငံရေးအင်အားစုများကို ချုပ်ကိုင်နိုင်သည်။ ဥပမာ (ဝါရင့်ကြီးများနှင့် ၈၈ မျိုးဆက်များ)

(ဂ) အငြိမ်းစားယူခါနီး (သို့မဟုတ်) အသက်အရွယ်ရနေသော နယ်ဘက်အရာရှိကြီးများကို (ပျဉ်းမနားသို့ လိုက် မပြောင်းနိုင်၍) ပင်စင်ပေးပစ်နိုင်သည်။ လစ်လပ်သောနေရာများတွင် သန်းရွှေစစ်အုပ်စု၏လူများ၊ စစ်ဗိုလ်လူထွက်များနှင့် အစားထိုးနိုင်သည်။

ဤသို့ဖြင့် အုပ်ချုပ်ရေးယန္တရားကြီးတခုလုံးကို သူ့လူများနှင့် အစားထိုးလိုက်နိုင်မည်။

(ဃ) ‘ညောင် ၂ ပင်’ က ပြီးတော့မည်။ ပြီးခဲ့လျှင် နိုင်ငံရေးလှည့်ဖြားတာထက် အကြမ်းကိုင်ရတာက ပိုများတော့မည်။ အကြမ်းကိုင်ရလျှင် နိုင်ငံရေးအင်အားစုတွေအပေါ် မီးသေနေဖို့၊ စစ်တပ်ထဲ မီးသေနေဖို့ အရေးကြီးသည်။

(၃) သူတို့ မီးသေပြီထင်သောအခါ ပျဉ်းမနားမှ ရန်ကုန်သို့ မြို့တော်ပြန်ပြောင်းလာလိမ့်မည်။ ယတြာချေတာလိုလို၊ ခါတ်ဆင်ခါတ်ရိုက်လုပ်တာလိုလိုဖြစ်အောင် လုပ်ကြလိမ့်မည်ဟု တွက်ဆမိပါသည်။